KPSN

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်မှသတင်းထုတ်ပြန်ကြေငြာချက်

စက်တင်ဘာလ (၉) ရက် (အင်္ဂါနေ့)၊ ၂၀၁၄ ခုနှစ်တွင်ချက်ချင်းထုတ်ပြန်ရန်။

# အစီရင်ခံစာအသစ်။ မြန်မာ - ဂျပန်တို့၏အစီအစဉ်သည် တိုင်းရင်းသားနယ်မြေအတွင်းပဋိပက္ခများကို ပိုမိုဆိုးရွားစေနိုင်ခြင်း။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသအတွက် ရေးဆွဲထားသောဂျပန်၏ ဖွံ့ဖြိုးရေးအစီအစဉ်သစ်သည်ငြိမ်းချမ်းရေးကို အထောက်အကူပြုမည့်အစားပဋိပက္ခကို အားပေးရာရောက်မည်ဖြစ်ကြောင်းကိုမြန်မာနိုင်ငံအတွင်း ကရင်အရပ်ဖက်အဖွဲ့အစည်းများထဲက အကြီးဆုံးကွန်ရက်တစ်ခုဖြစ်သော ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်မှ ယနေ့ထုတ်ပြန်သည့်၄င်း၏အစီရင်ခံစာတွင်သတိပေးလိုက်သည်။

ယနေ့ထုတ်ပြန်လိုက်သော ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) ၏အစီရင်ခံစံဖြစ်သည့် "**မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ ဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှရေးဆွဲထားသောအသေးစိတ်လုပ်ငန်းစဉ်ပုံစံအပေါ် ဆန်းစစ်ဝေဖန်ခြင်း**" ကဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအားငင်းတို့၏ ဖွံ့ဖြိုးရေးအစီအစဉ်သည် ငြိမ်းချမ်းရေးကိုအထောက်အကူပြုမည့် အစားပဋိပက္ခကို ပိုမိုဆိုးရွားလာစေနိုင်ကြောင်းကို သတိပေးထားပါသည်။ အဖွဲ့အစည်းပေါင်း ၃၀ နီးပါးဖြင့်ဖွဲ့စည်းထားသောကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်က မြန်မာနိုင်ငံအတွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုမရှိသေးသရွေ့ အကြီးစာဖွံ့ဖြိုးရေးစီမံကိန်းများအားရပ်တန့်ရန် အဆိုပါအစီရင်ခံစံတွင် တောင်းဆိုထားသည်။ ထို့ပြင် KPSN ကဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအားငင်းတို့၏ စီမံကိန်းအဆင့်တိုင်းတွင်သော်လည်းကောင်း၊ စီမံကိန်းပုံစံရေးဆွဲသောအခါတွင်သော်လည်းကောင်း၊ စီမံကိန်းအားအကောင်အထည်ဖေါ်သောအခါတွင်သော်လည်းကောင်း၊ ပဋိပက္ခပိုင်းဆိုင်ရာ စိုးရိမ်ဖွယ်ရာများကို ရှောင်နိုင်ရန်အလို့ငှာအရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ထိတွေ့ပူးပေါင်းရန်ကိုလည်းတောင်းဆိုထားသည်။ အဆိုပါအစီရင်ခံစာကို ယနေ့ရန်ကုန်မြို့ရှိ မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးတွင်ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ၌ တရားဝင်ထုတ်ပြန်လိုက်သည်။

အစီရင်ခံစာအပြည့်အစုံအားဤနေရာတွင်ရယူနိုင်သည်။ (မြန်မာဘာသာ ၊ အင်္ဂလိပ်ဘာသာ)

အစီရင်ခံစာအချက်အလက်အကျဉ်းချုပ်နှင့်အကြံပြုချက်အားဤနေရာတွင်ရယူနိုင်သည်။ (မြန်မာဘာသာ ၊ အင်္ဂလိပ်ဘာသာ)

မကြာသေးခင်ကမှ ထုတ်ပြန်လိုက်သော **မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ တိုင်းရင်းသားလူနည်းစုများအားအထောက်အပံ့ပေးသည့် ဒေသဆိုင်ရာ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက်အကြံပြုလေ့လာမှုခေါ်** JICA ၏အသေးစိတ်လုပ်ငန်းစဉ်ပုံစံသည်လမ်းပန်းဆက်သွယ်မှုများအားအဆင့်မြှင့်ခြင်းနှင့်တိုးချဲ့ခြင်းနှင့်စက်မှုဇုန်များ၊မြို့ပြအခြေခံအဆောက်အအုံများနှင့်ရာဘာစိုက်ခင်းများကဲ့သို့သော စက်မှုလယ်ယာကဏ္ဍတို့အား ထူထောင်ခြင်းတို့အပေါ်အာရုံစိုက်သည်။ အဆိုပါစီမံကိန်းများသည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ (IDPs) ပြန်လည်နေရာချထားရေးကို အကူအညီပေးရန် ဟုဆိုသည်။ သို့သော် JICA အား စစ်ဒဏ်ခံနေရသော အရှေ့တောင်ပိုင်းဒေသတွင် လမ်းများနှင့် စက်မှုဇုန်များကဲ့သို့သော အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုအတွက်၎င်း၏စီမံချက်သည် စောလွန်းနေပြီးအားနည်းချက်များရှိကာပဋိပက္ခပို၍ဆိုးရွားလာစေနိုင်သည့်အလားအလာရှိကြောင်းကို မြန်မာနိုင်ငံရှိ ကရင်တိုင်းရင်းသားအဖွဲ့အစည်းပေါင်း(၃၀)နီးပါး ပါဝင်သောကွန်ရက်ဖြစ်သည့် KPSN မှ သတိပေးလိုက်သည်။ အဓိကကျသည့်ဖွံ့ဖြိုးရေးစီမံကိန်းများအားဆောင်ရွက်ရန်အတွက် ၎င်းကကူညီထောက်ပံ့မည်ဟုပြောဆိုထားသော ဒုက္ခသည်များအပါအဝင် ဒေသခံပြည်သူများ၏ အသံများကိုဥပက္ခာပြုကာဗဟိုအစိုးရနှင့်၎င်းဗဟိုအစိုးရမှတာဝန်ပေးထားသည့်ပြည်နယ်အစိုးရများနှင့် အဓိကတွဲလုပ်ခြင်းဖြင့် JICA ၏ ချဉ်းကပ်ပုံသည် တည်ရှိနေသောဗဟိုချုပ်ကိုင်သည့် အစိုးရဖွဲ့စည်းတည်ဆောက်ပုံများကို တရားဝင်ဖြစ်စေပြီးအားဖြည့်ပေးနေသည်။

ဖွံ့ဖြိုးမှုပို၍ဖြစ်ပေါ်လာသည့်အချိန်တွင် ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ (IDPs) သည် မိမိတို့၏ဆန္ဒအလျောက်ပြန်လည်ရောက်ရှိလာကြမည်ဟု အသေးစိတ်လုပ်ငန်းစဉ်ပုံစံကယူဆပြီး၊ ကျယ်ပြန့်သည့်စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများသည်ဒေသအတွက်သင့်တော်ကာငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အပြိုင်အကောင်အထည်ဖော်နိုင်မည်ဟုလည်းယူဆသည်။ သို့သော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ များချမှတ်ရာတွင် ဒေသခံတိုင်းရင်းသားများ၏အသံအား ပါဝင်စေနိုင်သည့်အဓိပ္ပာယ်ပြည့်ဝသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အာဏာများအား ဗဟိုချုပ်ကိုင်မှုမှ လျော့ကျလာသည်အထိ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည်မပို့ဆောင်နိုင်သေးပါ။ ဗဟိုအစိုးရမှတိုင်းရင်းသားများအား တန်းတူအခွင့်အရေးပေးခြင်း၊ ၎င်းတို့၏မြေယာလုပ်ပိုင်ခွင့်ကိုလေးစားခြင်း၊ စသည်များမရှိဘဲ သဘာဝသယံဇာတများအား ခေါင်းပုံဖြတ်ထုတ်ယူခြင်းတို့သည် မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးစုနယ်မြေများတွင် နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားခဲ့သော ပဋိပက္ခ၏အဓိကအကြောင်းရင်းဖြစ်သည်။ ဒေသတွင်းရှိပဋိပက္ခဖြစ်စေသည့်အခြေခံအကြောင်းတရားများကို မသိကျိုးကျွန်ပြုခြင်း၊ ရပ်ရွာလူထုများနှင့် ဆွေးနွေးတိုင်ပင်ခြင်း သို့မဟုတ် ၎င်းတို့၏စိုးရိမ်မှုများအပေါ်အလေးထားပေးခြင်း စသည်များမရှိဘဲ ငွေများရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် နည်းပညာအထောက်အပံ့များပေးခြင်းတို့ပြုလုပ်ခြင်းသည်အမှန်တကယ်အန္တရာယ်များသည်။

"JICA ကတော့ လူထုကိုအကူညီပေးဖို့လို့ပြောပေမဲ့လူထုတွေကို ဥပက္ခာပြုတယ်..နောက်ဆုံးကျရင်လူထုကိုကူညီတာထက်ထိခိုက်နာကျင်စေမှာဖြစ်တယ်.."ဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၏ညှိနှိုင်းရေးမှူးများထဲကတစ်ဦးဖြစ်သူစောဖေါစိန်ထွားကဆိုသည်။ "JICA ရဲ့အသေးစိတ်လုပ်ငန်းစဉ်ပုံစံက မသေချာမရေရာသေးတဲ့နိုင်ငံရေးနယ်ပယ်ကိုအသိအမှတ်ပြုပေးတာတို့၊ အခြားရွေးချယ်နိုင်တဲ့လူသားဗဟိုပြု ဖွံ့ဖြိုးရေးတွေကိုအဆိုပြုပေးခြင်းမရှိတာတို့နဲ့ပတ်သက်ပြီးကျွန်တော်တို့ကစိုးရိမ်နေရပါတယ်၊ ကျွန်တော်တို့နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်

JICA ကကျွန်တော်တို့ပြည်သူလူထုတွေရဲ့စိုးရိမ်ပူပန်မှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နဲ့လာရောက်ဆွေးနွေးဖို့ ကျွန်တော်တို့မျှော်လင့်ပါတယ်"

ပြည်သူလူထုအတွက် သင့်တော်မှန်ကန်တဲ့အပြည်ပြည်ဆိုင်ရာအထောက်အပံ့နှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီများလိုအပ်ကြောင်းကို ငြင်းပယ်စရာမရှိပါ၊ဂျပန်များ၏ စိတ်ကောင်းစေတနာကိုလည်း ကြိုဆိုပါသည်။ ပြဿနာမှာ (၁) ဂျပန်ကကောင်းမွန်သောစိတ်ရင်းစေတနာဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်မည်ဆိုသည်ကို JICA ရေးဆွဲထားသောအသေးစိတ်ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်ကသက်သေပြကိုယ်စားပြုထားခြင်းမရှိပါ၊ (၂) ၎င်းတို့ရေးဆွဲထားသောအသေးစိတ်ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်သည် ကရင်ပြည်သူလူထုကောင်းစားရေးကို အလေးပေးထားခြင်းမရှိပါ။ အကယ်၍ JICA သည် ၎င်း၏လုပ်ငန်းအစီအစဉ်နှင့် လုပ်ကိုင်ဆောင်ရွက်ပုံကိုပြောင်းလဲပြီး လူထုအားအမှန်တကယ်အလေးပေးဗဟိုပြုသည့်ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်သွားမည်ဆိုလျှင် KPSN က ၎င်းတို့နှင့် လက်တွဲသွားရန်ဆန္ဒရှိပါသည်။

အကြောင်းအရာပိုမိုသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်ခေါ်ဆိုနိုင်ပါသည်။

| | |
|---|---|
| **စောဖေါစိန်ထွား။** | ။ + ၆၆၈၁၇၂၄၇၀၉၃ ၊ + ၉၅၉၄၂၂၀၀၅၇၁၉၅ (ကရင်နှင့်အင်္ဂလိပ် ဘာသာဖြင့်ဆက်သွယ်မေးမြန်းရန်) |
| **နော်စူဇဲနာလှလှစိုး။** | ။ + ၉၅၉၂၅၀၇၉၅၂၅၈ (မြန်မာ၊ ကရင် နှင့်အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်မေးမြန်းရန်) |
| **စောအဲလက်စ်၊** | ။+၉၅၉၂၅၄၂၀၇၈၄၂ (မြန်မာ၊ ကရင် နှင့်အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်မေးမြန်းရန် |

JICA ရေးဆွဲထားသောအသေးစိတ်ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်နှင့်ပတ်သက်ပြီး ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၏အစီရင်ခံစာက အောက်ပါအကြံပြုချက်များကိုပေးထားပါသည်။

၁။ JICA ၏အရှေ့တောင်ပိုင်းဒေသနှင့်ထိတွေ့ဆောင်ရွက်မှုများတွင် **ထိုဒေသ၏ပဋိပက္ခဇာစ်မြစ်များ** နှင့်ပတ်သက်သည့် နက်ရှိုင်း၊စုံလင်ပြီးသီးခြားလွတ်လပ်သည့်လေ့လာစိစစ်မှုများပါဝင်ရမည်၊

၂။ အရှေ့တောင်ပိုင်းဒေသတွင် ပြုလုပ်မည့်ဖွံ့ဖြိုးတိုးတက်မှုများ၏လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ရာတွင် အနည်းဆုံးအားဖြင့် **အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာဖွံ့ဖြိုးမှု အခြေခံသဘောတရားများ** အားလိုက်နာစောင့်ထိန်းသွားမည်ကို JICA သည် ရှင်းလင်းပြတ်သားစွာ အာမခံချက်များပြုလုပ်နိုင်ရမည်ဖြစ်သည်၊

၃။ အဓိပ္ပာယ်ပြည့်ဝသည့် **မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကဲဖြတ်မှု** ပြုလုပ်သွားမည်ကို JICA ကအာမခံပေးရမည်ဖြစ်ပြီး၎င်း၏မူဝါဒများ၊ စီမံကိန်းများနှင့် အစီအစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆိုင်သည့်အလေးထားမှုများအားထည့်သွင်းပြုလုပ်သွားရမည်ဖြစ်သည်၊

၄။ JICA သည် စီမံကိန်းစီစဉ်ခြင်း၊ ပုံစံရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ခြင်းအဆင့်ဆင့်တို့တွင် လူ့အဖွဲ့အစည်းဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည့်အဝလုပ်ဖော်ကိုင်ဖက်များအနေနှင့် ထိတွေ့ခြင်းဖြင့် အများ၏ဆန္ဒသဘောကိုရယူမည်ဆိုသည့် ၎င်းအဆိုပြုထားသည့် မူဝါဒများနှင့်အညီ **ဆွေးနွေးညှိနှိုင်း ခြင်းလုပ်ငန်းစဉ်** အားပြုပြင်ပြောင်းလဲရမည်ဖြစ်သည်၊

၅။ လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းတို့အားဦးဆောင်သွားနိုင်ရန် **ကိုယ်စားပြုအဖွဲ့** အားဖော်ထုတ်ရန် JICA သည် KPSN နှင့်အတူလုပ်ကိုင်ဆောင်ရွက်သင့်သည်၊

၆။ JICA ၏လေ့လာမှုများ၊ သဘောတူညီချက်များနှင့် အကြံပြုချက်များအားလုံးအတွက် **အပြည့်အဝအချက်အလက်ဖော်ပြ** သည့်စနစ်တစ်ခုကို JICA က ဖော်ထုတ်သင့်သည်၊

၇။ JICA က ရှင်းလင်းပြတ်သားစွာအာမခံရမည်မှာ ၎င်း၏အသေးစိတ်ပုံစံနှင့်ဆက်နွယ်သည့် မည်သည့်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမဆိုဒေသတွင်း လုပ်နိုင်စွမ်းရည်အားမြှင့်တင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအား အာမခံနိုင်ရန် **ဒေသခံလူအဖွဲ့အစည်းဆိုင်ရာ အဖွဲ့အစည်းများနှင့် အဓိပ္ပာယ်ပြည့်ဝသည့် လုပ်ဖော်ကိုင်ဖက်များအဖြစ်ပြုလုပ်သွားရမည်** ဖြစ်သည်၊

၈။ JICA သည် ရွှေ့ပြောင်းစီမံကိန်းများအတွက် လက်တွေ့ရွေးချယ်စရာလမ်းများစူးစမ်းနိုင်ရန် KPSN၊ အမျိုးသမီးများ၊ ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များပါဝင်သည့် **ကရင်လူ့အဖွဲ့အစည်းဆိုင်ရာအဖွဲ့အစည်းများနှင့် ထိတွေ့ရမည်** ဖြစ်သည်။

**ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်တွင်အောက်ဖေါ်ပြပါအဖွဲ့အစည်းများပါဝင်သည်။**

1. Burma Issues
2. Back Pack Health Worker Team
3. Burma Medical Association
4. Committee for Internally Displaced Karen People
5. Federation of Trade Unions Kawthoolei
6. Karen Affairs Committee
7. Karen Baptist Convention
8. Karen Development Committee
9. Karen Development Network
10. Karen Education Department
11. Karen Environmental and Social Action Network
12. Karen Human Rights Group
13. Karen Office for Relief and Development
14. Karen Refugee Committee
15. Karen Refugee Committee Education Entity

16. Karen Rivers Watch
17. Karen Student Network Group
18. Karen Teacher Working Group
19. Karen Women Empowerment Group
20. Karen Women Organization
21. Karen Youth Organization
22. Mae Tao Clinic
23. Hsar Mu Htaw
24. Hku Po Ka Paw
25. Karen Environment Network
26. Youth Circle
27. Mutraw Community Development Committee
28. Taw Oo District Humanitarian and Development Committee